
TEA
Translator-Min Hein Htet
၈၀ ခုနှစ်မှာ
စာစဉ်(၃၅)

၈၀ ခုနှစ်မှာ

စာစဥ် ၃၅

အပိုင်း ( ၃၄၁ )

ရှင် ဂရုစိုက်လာအောင် လုပ်ပြတာပါ

*

"အာချွန်း… မင်း အလိမ်ခံရပြန်ပြီ။ ငါ မမူးပါဘူး၊ မင်းကို စနေတာ" ကျောက်ဝမ်ခိုင်က ရုတ်တရက် ထထိုင်ပြီး ကုတင်ဘေးက မီးအိမ်လေးကို ပေါ့ပေါ့ပါးပါး ဖွင့်လိုက်တယ်။ အရက်ရှိန်ကြောင့် နီရဲနေတဲ့ သူ့မျက်နှာက မှိန်ပျပျ အဝါရောင် မီးရောင်အောက်မှာ ပိုပြီး သိသာနေပေမယ့်၊ သူ့ရဲ့ စူးရှတဲ့ မျက်လုံးတွေကတော့ ကြည်လင်နေတယ်။

သူ မမူးဘူးဆိုတာ သေချာသွားတော့ ဝမ်ချွန်း သက်ပြင်းချနိုင်သွားပြီး ထထိုင်လိုက်တယ်။ "ရှင့်ဆီက အရက်နံ့တွေ နံနေတာပဲ၊ အဲဒါကြောင့် အများကြီး သောက်လာတယ် ထင်နေတာ"

ကျောက်ဝမ်ခိုင်က ဝမ်ချွန်းရဲ့ ပါးပြင်ကို လက်မနဲ့ ညင်ညင်သာသာ ပွတ်သပ်ပေးရင်း အလိုလိုက်တဲ့ လေသံနဲ့ ပြောတယ်။ "မင်း ငါ့ကို နည်းနည်းလောက် ပိုဂရုစိုက်လာအောင်လို့ သက်သက် စလိုက်တာပါ"

"ကျွန်မက ရှင့်ကို ဘယ်တုန်းကများ ဂရုမစိုက်ဘဲ နေဖူးလို့လဲ"

ဝမ်ချွန်းက ရယ်လည်းရယ်ချင် စိတ်လည်းမရှည်ဖြစ်သွားတယ်။ ဘာပဲဖြစ်ဖြစ် ရေတစ်ခွက်ယူဖို့ ကုတင်ပေါ်ကဆင်းပြီး ဧည့်ခန်းထဲ သွားရင်း ကျောက်ဝမ်ခိုင်ကို ကလေးတစ်ယောက်လို သဘောထားလိုက်တယ်။ ကျောက်ဝမ်ခိုင်က သူ့

ကို မတားတော့ဘဲ ကုတင်ခေါင်းရင်းမှာ သက်သောင့်သက်သာ ပြန်မှီထိုင်လိုက်တယ်။ အိတ်ကပ်ထဲကို စမ်းကြည့်ပြီး စီးကရက်တစ်လိပ် တွေ့ပေမယ့် မီးခြစ်မပါတာကို သတိထားမိတော့၊ စီးကရက်ကို ကုတင်ဘေးက စားပွဲခုံပေါ် ပစ်တင်လိုက်ပြီး နားထင်ကို ပွတ်နေလိုက်တယ်။

ဒီည သူ တော်တော်များများ သောက်လာခဲ့တာ အမှန်ပဲ။ မမူးဘဲ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်သေးတယ် ဆိုပေမယ့် အခုတော့ ခေါင်းတွေ တော်တော် မူးနေပြီလေ။

ဝမ်ချွန်းက ရေနွေးတစ်ခွက်ကိုင်ပြီး ဝင်လာတယ်။ "ရေလေး သောက်လိုက်ဦး၊ ဗိုက်ထဲ နည်းနည်း သက်သာသွားလိမ့်မယ်"

ကျောက်ဝမ်ခိုင်က ရေခွက်ကို သဘာဝကျကျ လှမ်းယူလိုက်ပြီး ခဏလေးအတွင်းမှာပဲ ရေတွေ

ကို အကုန် မော့သောက်လိုက်တယ်။ ခွက်ကို စားပွဲပေါ် ပြန်တင်ပြီးနောက် ဝမ်ချွန်းကို အနားလာဖို့ လက်ယပ်ခေါ်လိုက်တယ်။ ဒါကိုမြင်တော့ ဝမ်ချွန်းက ချက်ချင်းပဲ အနားသွားပြီး သူ့ရင်ခွင်ထဲ တိုးဝင်လိုက်တယ်။

ဒီလိုနေရတာကို ကျောက်ဝမ်ခိုင်က အမြဲ သဘောကျတယ်။ ထိုင်လိုက်တာနဲ့ ဝမ်ချွန်းကို ရင်ခွင်ထဲ ထည့်ထားပြီး သူ့မေးစေ့ကို ဝမ်ချွန်းရဲ့ ပခုံးပေါ် တင်ထားရတာကို သူ နှစ်သက်တယ်။ ဝမ်ချွန်းကလည်း ပူပင်သောက ကင်းတဲ့ ကျောင်းသားဘဝကို ပြန်ရောက်သွားသလိုမျိုး ဒီခံစားချက်လေးကို သဘောကျတာပဲ။ ဒါပေမဲ့ အဲဒီဘဝ အစိတ်အပိုင်းက အခုဆို တော်တော်လေး ဝေးကွာသွားပြီ ဆိုတာကို သူ သိနေတယ်။

တစ်ခါတလေ ဝမ်ချွန်း တွေးမိတယ်။ ကျောက်ဝမ်ခိုင်သာ သူ့အဖေရဲ့ စီးပွားရေးကို ဆက်မခံခဲ့

ဘဲ သာမန်ဘဝလေးနဲ့သာ နေခဲ့မယ်ဆိုရင်၊ သူ့ အတွက် အချိန်ပိုပေးနိုင်ပြီး ခေါင်းကိုက်စရာ တွေလည်း ပိုနည်းသွားမလားလို့လေ။

သူ မျက်မှောင်ကြုတ်နေတာကို မြင်တော့ ကျောက်ဝမ်ခိုင်က တိုးတိုးလေး မေးလိုက်တယ်။ "တစ်ခုခု စဉ်းစားနေလို့လား"

"မရှိပါဘူး" ဝမ်ချွန်း ခေါင်းယမ်းလိုက်တယ်။ "ဒါပေမဲ့ ရှင့်ကို တိုင်ပင်စရာ တစ်ခုတော့ ရှိ တယ်။ ဒီနေ့ ရှင် ပင်ပန်းနေပြီဆိုတော့ မနက်ဖြန်မှပဲ ပြောကြတာပေါ့"

အိမ်ကိစ္စကို အာခိုင် အမူးပြေတဲ့အချိန်မှ ပြော တာ ပိုကောင်းမယ်လေ။ မဟုတ်ရင် မနက်ဖြန် အိပ်ရာနိုးလာတော့ အာခိုင်က အရာအားလုံးကို မေ့သွားရင် အဆင်မပြေဘူးပေါ့။

ကျောက်ဝမ်ခိုင်က ပြုံးယောင်ယောင်လေးနဲ့ ပြောတယ်။ "ငါ မမူးပါဘူး၊ အိပ်လည်း မအိပ်ချင်

သေးဘူး။ အခုပဲ ပြောပါ။ မင်း မပြောပြရင် ဒီည ငါ အိပ်ပျော်မှာ မဟုတ်ဘူး"

သူ တကယ် အိပ်မချင်သေးဘူး ဆိုတာကို မြင်တော့ ဝမ်ချွန်းက ချွဲတဲ့လေသံနဲ့ ပြောလိုက်တယ်။ "ယောင်ယောင် အိမ်တစ်လုံး ဝယ်ချင်နေတာ။ သူ နေရာမရမှာကို ကျွန်မ စိုးရိမ်လို့၊ သူ့ကို ကူညီပေးဖို့ ရှင့်ကို အကူအညီ တောင်းချင်တာ"

ကျောက်ဝမ်ခိုင်က မျက်နှာမဲ့သွားပြီး အရာအားလုံးကို သိနေတဲ့ ပုံစံမျိုး ဖြစ်သွားတယ်။ နှုတ်ခမ်းထောင့်ကနေ ခနဲ့တဲ့တဲ့ အပြုံးတစ်ခုနဲ့ သူက မေးတယ်။ "ငါ့ကို အကူအညီ တောင်းပေးဖို့ သူက မင်းကို မြှောက်ပေးလိုက်တာလား"

ဝမ်ချွန်းရဲ့ အဖြေကိုတောင် မစောင့်ဘဲ သူက ဆက်ပြောတယ်။ "အာချွန်း... အပြင်လောကက လူတွေက ကောက်ကျစ်တတ်တယ်လို့ ငါ မင်းကို အရင်ကတည်းက ပြောထားတယ်လေ။ မင်းကို

ချဉ်းကပ်လာတဲ့ သူတော်တော်များများမှာ ဖုံးကွယ်ထားတဲ့ ရည်ရွယ်ချက်တွေ ရှိကြတယ်။ တွေ့လား၊ ထုန်ယောင်ရဲ့ မြေခွေးအမြီးက ပေါ်လာပြီ မဟုတ်လား။ ဒီတစ်ခါ အိမ်ရဖို့ မင်းဆီက အကူအညီ တောင်းတယ်။ နောက်တစ်ခါကျရင် တခြားကိစ္စတွေ လုပ်ပေးဖို့ ခိုင်းလာလိမ့်မယ်။ သူ အခွင့်အရေး ရနေသရွေ့တော့ မင်းတို့ရဲ့ ဆက်ဆံရေးကို အလွတ်ပေးမှာ မဟုတ်ဘူး"

"အာခိုင်... ရှင် ယောင်ယောင့်အပေါ် အထင်လွဲနေပြီ" ဝမ်ချွန်းက အမြန် ရှင်းပြတယ်။ "ယောင်ယောင်က ကျွန်မကို အကူအညီ တောင်းတာ မဟုတ်ပါဘူး။ ဒီနေ့ သူ့ဆီ သွားလည်ရင်း သူနေရတဲ့ နေရာလေးက ကျဉ်းကျပ်နေတာကို သတိထားမိလို့ ကျွန်မ ကိုယ်တိုင်က ကူညီပေးမယ်လို့ ပြောခဲ့တာပါ။ အိမ်ကိစ္စနဲ့ ပတ်သက်ပြီး သူ ကျွန်မကို တစ်ခွန်းမှ မဟာခဲ့ပါဘူး"

ကျောက်ဝမ်ခိုင် မျက်လုံးမှေးလိုက်ပြီး အကြည့်ထဲမှာ အန္တရာယ်ရှိတဲ့ အရိပ်အယောင်တစ်ခု ပေါ်လာတယ်။ "မင်းကိုယ်တိုင် ကူညီပေးချင်လာအောင် လုပ်နိုင်တယ်ဆိုတော့... သူ တော်တော်လေး ပါးနပ်တာပဲ"

ထုန်ယောင်နဲ့ ပတ်သက်ပြီး သူက ကြိုတင်ကောက်ချက်ချထားပြီးပြီဆိုတာ မြင်တော့ ဝမ်ချွန်းက ဘယ်လို ရှင်းပြရမှန်း မသိတော့ဘူး။ သူက စိုးရိမ်တကြီး ပြောတယ်။ "အာခိုင်... လူတိုင်းက ရှင်ထင်သလောက် မဆိုးကြပါဘူး။ ယောင်ယောင်က ကျွန်မဆီက ဘာအကူအညီမှ မတောင်းဖူးဘူး။ တကယ်တော့ သူက ကျွန်မအပေါ် အရမ်း ကောင်းတာပါ။ ကျွန်မ ကိုယ်တိုင်က ကူညီမယ်လို့ ကမ်းလှမ်းခဲ့တာပါ"

ကျောက်ဝမ်ခိုင်က ပြန်ပြောတယ်။ "အာချွန်း... မင်းက အရမ်း ရိုးအလွန်းတယ်။ မင်းရဲ့ ရိုးသားမှု

တွေ အလဟဿ ဖြစ်သွားမှာကို ငါ မလိုလားလို့ ပါ"

"ယောင်ယောင်က ငါ့ရဲ့ သူငယ်ချင်းစစ်ပါလို့ ကျွန်မ ယုံကြည်တယ်" ဝမ်ချွန်းက ခေါင်းမော့ပြီး သူ့ပါးကို နမ်းလိုက်ကာ ချွဲတဲ့လေသံနဲ့ ပြော တယ်။ "အာခိုင်... ကျွန်မ ယောင်ယောင့်ကို ကတိပေးထားပြီးပြီလေ။ သူ့ကို နည်းနည်း လောက် ကူညီပေးလို့ မရဘူးလားဟင်။ ကျွန်မ မှာ ရင်းနှီးတဲ့ သူငယ်ချင်း တစ်ယောက်မှ မရှိခဲ့ ဖူးဘူး။ အခုလိုမျိုး သူငယ်ချင်း တစ်ယောက် ရ လာတဲ့အချိန်မှာ သူက အကူအညီ တောင်းလာ ရင်တောင် ကျွန်မ ငြင်းမှာ မဟုတ်ဘူး။ သူငယ်ချင်း တစ်ယောက်ကို ကူညီခွင့်ရတာက ကျွန်မကို အရမ်း ပျော်ရွှင်စေတယ်"

ကျောက်ဝမ်ခိုင်မှာ ဘာမှမတတ်နိုင်တော့ဘဲ သူ့ ပါးကို ဆွဲလိမ်ရင်း သက်ပြင်းချလိုက်တယ်။

"နောက်ကျမှ နင် အလိမ်ခံရတယ်ဆိုတာ သိရင် ငါ့ဆီ လာမငိုနဲ့နော်"

"ယောင်ယောင် ကျွန်မကို ဘယ်တော့မှ မလိမ်ပါဘူး" ကျောက်ဝမ်ခိုင် ကူညီပေးဖို့ သဘောတူလိုက်ပြီဆိုတာ သိတော့ ဝမ်ချွန်းက သူ့ကို ချက်ချင်း ဖက်လိုက်ပြီး ပြောတယ်။ "အာခိုင် ကျွန်မကို ကူညီပေးမယ်ဆိုတာ သိပြီးသားပါ။ ဒီလောကမှာ ရှင့်ထက် ကျွန်မကို အလိုလိုက်တဲ့သူ ဘယ်သူမှ မရှိဘူး"

တစ်ခါတလေ ဝမ်ချွန်းက ကျောက်ဝမ်ခိုင်သာ မရှိရင် သူ့ဘဝ ဘယ်လိုနေမလဲ ဆိုတာကို တောင် မတွေးရဲဘူး။ သူသာ မရှိရင် ဆက်ပြီး အသက်ရှင်နိုင်ပါ့မလားလို့တောင် သံသယဝင်မိတယ်။

ကျောက်ဝမ်ခိုင်က သူ့နှာခေါင်းကို ဆွဲညှစ်လိုက်တယ်။ "ငါက ကူညီပေးရမယ် ဆိုရင်တော့ သူ့ကို

အရင်ဆုံး တွေ့ရမယ် မဟုတ်လား" အရင်ကတည်းက ထုန်ယောင်နဲ့ တွေ့ဖို့ အကြိမ်ကြိမ်တောင်းဆိုခဲ့ပေမယ့် ဝမ်ချွန်းက အမြဲ ငြင်းနေခဲ့တာလေ။ သူက ထုန်ယောင်ကို လန့်သွားစေမှာစိုးရိမ်လို့တဲ့။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျောက်ဝမ်ခိုင်လည်း ဘာမှ မတတ်နိုင်သလို တကယ်တော့နည်းနည်းလည်း သဝန်တိုမိတယ်။

ထုန်ယောင်နဲ့ သိကတည်းက ဝမ်ချွန်းက သူ့အကြောင်းချည်းပဲ ပြောနေပြီး၊ အိမ်က အစားအသောက်ကောင်းတွေတောင် သူ့အတွက် ယူသွားပေးဖို့ စဉ်းစားနေတာ။ ညီအစ်မအရင်းတွေထက်တောင် ပိုပြီး ရင်းနှီးနေကြတယ်။

ဒီလိုဖြစ်လေလေ ကျောက်ဝမ်ခိုင် ပိုပြီး စိတ်မချဖြစ်လေလေပဲ။ ထုန်ယောင်က တကယ်တော့ ဘယ်လိုလူမျိုးလဲ ဆိုတာကို သူ တွေ့ချင်နေတယ်။ ဝမ်ချွန်းကို တမင်သက်သက်

ရည်ရွယ်ချက်နဲ့ ချဉ်းကပ်နေတာ ဆိုရင်တော့ သူတို့ကို အကြာကြီး အတူတူ ပေးမနေတော့ဘူး။ လိုအပ်ရင် ထုန်ယောင်ကို ကျူတိုကနေ မောင်းထုတ်ပစ်ဖို့အထိ သူ ကြိုးစားမှာပဲ။

ကျောက်ဝမ်ခိုင်အတွက်တော့ ဝမ်ချွန်းက သူ့ရဲ့စည်းပဲ။ သူ့ကို လာစော်ကားတာက သည်းခံလို့ရပေမယ့်၊ ဝမ်ချွန်းကို လာထိခိုက်တာကတော့ ကြီးလေးတဲ့ ပြဿနာပဲ...

ဝမ်ချွန်းက ဝမ်းသာအားရနဲ့ အော်ပြောလိုက်တယ်။ "သေချာတာပေါ့။ မနက်ဖြန် ယောင်ယောင့် ယောက်ျားလည်း လာမှာ။ ပြီးခဲ့တဲ့ တစ်ခေါက်က ရှင် ကျွန်မကို ခေါ်သွားတဲ့ စားသောက်ဆိုင်လေး ကောင်းတယ်။ မနက်ဖြန် အဲဒီမှာပဲ ချိန်းကြတာပေါ့။ ယောင်ယောင်လည်း အဲဒီက အရသာတွေကို သေချာပေါက် သဘောကျမှာ"

"မင်းက အချိန်တိုင်း ထုန်ယောင် အကြောင်း ချည်းပဲ စဉ်းစားနေရင်တော့ ငါ စိတ်ပြောင်းသွားနိုင်တယ်နော်" ကျောက်ဝမ်ခိုင်က စိတ်ဆိုးချင်ယောင်ဆောင်ပြီး ပြောတယ်။

"ကဲပါ ကဲပါ၊ သူ့အကြောင်း မတွေးတော့ပါဘူး။ သွား... ရေသွားချိုးတော့၊ မနက် နှစ်နာရီတောင် ကျော်နေပြီ" ဝမ်ချွန်းက ကျောက်ဝမ်ခိုင်ကို ရေချိုးခန်းဆီ ဆွဲခေါ်သွားပြီး၊ သူတို့ နှစ်ယောက်လုံး ကြင်စဦး ဇနီးမောင်နှံတွေလို ရယ်မောနေကြတယ်။

ဆောင်းဦးရာသီရဲ့ မနက်ခင်း အအေးဓာတ်က စတင် ဝင်ရောက်လာပြီ။ လမ်းမပေါ်က လူတွေက ကိုယ့်ဝမ်းစာ ကိုယ်ရှာဖို့အတွက် အသီးသီး အလုပ်ရှုပ်နေကြတယ်။ ပုံမှန်အတိုင်းပဲ လင်းမန်လည်း ဆေးရုံကို အလုပ်လာဆင်းတယ်။ ဒုတိယထပ်ကို ရောက်ရောက်ချင်း အဝင်ဝမှာ

စကားပြောနေကြတဲ့ ဆစ်ချန်နဲ့ ခွဲစိတ်ဆောင်မှူး ကို သူ တွေ့လိုက်တယ်။ လင်းမန်ရဲ့ မျက်လုံးတွေ အရောင်လက်သွားတယ်။ အရှေ့ကို တည့်တည့် ကြည့်ပြီး ဆစ်ချန်ဆီကို သူ ရည်ရွယ်ချက်ရှိရှိ လျှောက်သွားလိုက်တယ်။ ဝင်တိုက်မိတော့မလို ဖြစ်နေတာတောင် ရပ်တန့်မယ့် အရိပ်အယောင် လေး နည်းနည်းမှ မပြဘူး။

နောက်တစ်စက္ကန့်မှာပဲ သူက လူသားတံတိုင်း ကြီး တစ်ခုကို တိုက်ရိုက် ဝင်တိုက်မိသွားတယ်။ လင်းမန်က 'အ' ခနဲ အော်လိုက်ပြီး ဆစ်ချန်ရဲ့ ရင်ခွင်ထဲကို လဲကျမလို လုပ်လိုက်ချိန်မှာပဲ၊ သူ့ ခေါင်းပေါ်ကနေ ခွဲစိတ်ဆောင်မှူးရဲ့ အသံကြီး ထွက်ပေါ်လာတယ်။

"သွားတာလာတာ ကြည့်လျှောက်လေ။ မနက် စောစောစီးစီး ဘာတွေ လောနေတာတုန်း"

လင်းမန် တစ်ခဏလောက် ကြက်သေသေသွား

ပေမယ့်၊ အမြန် သတိပြန်သွင်းပြီး မတ်မတ်ရပ်လိုက်တယ်။ ခေါင်းမော့ကြည့်လိုက်တော့ ခွဲစိတ်ဆောင်မှူးက သူ့ကို တင်းမာတဲ့ မျက်နှာထားနဲ့ ကြည့်နေပြီး၊ ဆစ်ချန်ကတော့ တစ်ဖက်ကို ရွှေ့သွားနှင့်ပြီး ဖြစ်နေတာကို တွေ့လိုက်ရတယ်။

ခွဲစိတ်ဆောင်မှူးက စည်းကမ်းကြီးတဲ့ သူတစ်ယောက်ဖြစ်ပြီး၊ အလုပ်ကို ပြီးစလွယ် လုပ်တတ်တဲ့ ပေ့ါပေ့ါဆဆ လူတွေကို မကြိုက်ဘူး။ အမှားလုပ်မိတဲ့ ဘယ်သူမဆို သူ့ရဲ့ ဆူပူကြိမ်းမောင်းတာကို ခံရမှာဖြစ်ပြီး ဘယ်သူ့ကိုမှ ချွင်းချက် မထားဘူး။ ဆေးရုံအုပ်ကြီးတောင် သူ့ရဲ့ ဝေဖန်မှုကနေ မလွတ်ကင်းဘူးလေ။

လင်းမန်ရဲ့ တုံ့ပြန်မှုကလည်း မြန်ဆန်ပါတယ်။ သူ ချက်ချင်း တောင်းပန်လိုက်တယ်။ "တောင်းပန်ပါတယ်။ လူနာခန်း ၂၀၇ က လူနာအကြောင်း စဉ်းစားနေရင်းနဲ့ သတိလွတ်သွားလို့

ပါ"

ခွဲစိတ်ဆောင်မှူးက သူ့ကို တစ်ချက်ကြည့်လိုက်ပြီး ဘာမှ ထပ်မပြောတော့ဘူး။

အပိုင်း ( ၃၄၁ ) ပြီးဆုံး

***